# Minutes of Myanmar Language Information Management Network Meeting
*31st July 2024, 2PM MMT, online via Zoom*

## Agenda

1. Presentation - Key Findings of value chain assessment on the Elimination of Child Labour (ILO)
2. Presentation – MIMU Assessments/Publications Tracking (MIMU)
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: AHRN, BIMM, BS, CBCHP, Cesvi, CPI, GEN, GH, GNI, HALO, HHM, ILO, JOICFP, MdM, MI, MIMU, NRC, Nyein, PANDITA, Plan, SWISSAID, UNICEF, WF Myanmar, WVM (28 participants from 24 organisations)

## ၁။ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ value chain assessment ၏ အဓိကတွေ့ရှိချက်များ (ILO)

ကလေး အလုပ်သမားများ ဝင်ရောက်ပတ်သတ်နေသော ကဏ္ဍများတွင် ILO က value chain analysis assessment လုပ်ခဲ့ပြီး assessment နှင့် ပတ်သတ်ပြီး အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

My-PEC စီမံကိန်းသည် မြန်မာနိုင်ငံတွင် ကလေးအလုပ်လုပ်ကိုင်မှုကို တိုက်ဖျက်ရန် အဓိက ရည်ရွယ်ထားသော ပထမဆုံးပရောဂျက်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် စတင်၍ ရွာအုပ်စုများနှင့် ရပ်ကွက်များတွင် စမ်းသပ်လုပ်ဆောင်ခဲ့ပြီး၊ လပွတ္တာ၊ မွန်ပြည်နယ် ရေးမြို့တို့မှာ အဓိက ဧရိယာများဖြစ်သည်။ အဓိက ရည်ရွယ်ချက်မှာ ကလေးများအား ပညာရေးအရည်အသွေးမြင့်စေရန်နှင့် လူငယ်များအတွက် ဘေးကင်းလုံခြုံသော အလုပ်အကိုင်များ ရရှိစေရန်ဖြစ်သည်။

စီမံကိန်းသည် အထူးသဖြင့် အဆိုးရွားဆုံး အလုပ်ခိုင်းခံရသည့် ကလေးအလုပ်သမားများ၏ ၄၀ ရာခိုင်နှုန်းကို ကူညီဖို့ ရည်ရွယ်ထားပြီး၊ ကလေးအလုပ်သမားဖြစ်နိုင်ခြေရှိသော ကလေးများ၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်ရန် ကြိုးပမ်းခဲ့သည်။
၂၀၂၂ ခုနှစ်တွင် Value Chain Assessment ကို ပြန်လည်သုံးသပ်ပြီး၊ ပါဝင်ပေးသော ၂၄၉ ဦး၏ အချက်အလက်များကို မျှဝေခဲ့သည်။ အသေးစိတ် လေ့လာမှုတွင် ကလေးအလုပ်သမားနှင့် ပတ်သက်သည့် အဓိက အချက်များကို

လေ့လာခဲ့ပြီး ကလေးအလုပ်သမားများ၏ ဘ၀ကို အဆင်ပြေစေရန်အတွက် အဓိက အစီအစဉ်များနှင့် နည်းလမ်းများကို ဖော်ပြထားသည်။

ဤလေ့လာမှုတွင် customer, wholesaler, retailer, collector, local producer စသည့်ပုဂ္ဂိုလ်များအား non-randomized sampling နည်းလမ်းဖြင့် ရွေးချယ်ခဲ့ပြီး၊ participant များကို ILO ၏ ချိတ်ဆက်သူများမှ စတင်၍ snowball sampling နည်းလမ်းဖြင့် လေ့လာခဲ့သည်။ Non-randomized sampling နှင့် sample အတိုင်းအတာကြောင့် ရလဒ်များသည် အဓိက ကောက်ခံခြင်း မဟုတ်သော နေရာများတွင် အကန့်အသတ် ရှိနိုင်သည်။

My-PEC ၏ ရည်မှန်းချက်များအပေါ် အခြေခံပြီး မဟာဗျူဟာဦးစားပေး ၄ ခုနှင့် ဆောင်ရွက်ခဲ့ပြီး၊ ဆန်ခါတင်စာရင်းများရွေးချယ်ခြင်းနှင့် ၎င်းတို့အပေါ် ရှိ value chain ရလဒ်များကို ပြောပြခဲ့သည်။ Value chain တွင် အဓိက ကန့်သတ်ချက်မှာ ကလေးအလုပ်သမားနှင့် ပတ်သက်ပြီး ဆက်စပ်မှုကိုသာ အဓိကထားပါသည်။

ဤလေ့လာမှုတွင် ဖြေဆိုသူများ၏ အသက်အရွယ်၊ ကျား/မ၊ ပညာရေးနှင့် အိမ်ထောင်စုအရွယ်အစားစသည့် အဓိက လူဦးရေ အချက်အလက်များကို စုဆောင်းခဲ့သည်။ ဖြေဆိုသူအများစုသည် တရားဝင်ပညာရေးအဆင့်အမျိုးမျိုးဖြင့် အလွတ်သဘော အလုပ်များတွင် ပါဝင်လုပ်ကိုင်ကြသည်။ ၂၀၁၇ မှ ၂၀၂၂ ခုနှစ်အတွင်း စိုက်ပျိုးရေးကဏ္ဍသည် လျော့ပါးလာသည့်အတွက် အလုပ်အကိုင်ပုံစံများ ပြောင်းလဲလာခဲ့သည်။ လယ်ယာမဟုတ်သော အလုပ်အကိုင်များ တိုးပွားလာခဲ့ပြီး၊ ဖြေဆိုသူ အချို့သည် အသေးစားကုန်သွယ်ခြင်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ ကူးပြောင်းခဲ့သည်။

ထုတ်လုပ်သူများသည် ဈေးကွက်၊ သတင်းအချက်အလက်နှင့် ခရက်ဒစ်များသို့ ဝင်ရောက်နိုင်မှု ကန့်သတ်ခြင်းကြောင့် ဈေးကွက်အခြေအနေများ ပိုမိုခက်ခဲလာသည်။ အဓိကစိန်ခေါ်မှုများမှာ တရားဝင်မဟုတ်သော ဈေးကွက်အလေ့အကျင့်များနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် အမြတ်အစွန်းများ ထိခိုက်လာခြင်းဖြစ်သည်။

စီမံကိန်းသည် value chain အလိုက် ဆန်၊ ပုစွန်ခြောက်၊ ရှံ့ကဏန်း၊ ရာဘာ၊ ဒူးရင်း၊ ကွမ်းသီး၊ ဝက်မွေးမြူရေးနှင့် အိမ်အခြေစိုက်လုပ်ငန်းများနှင့် ကလေးအလုပ်သမား ဆက်စပ်မှုအဓိက ရလဒ်များကို chart များဖြင့် ရှင်းလင်းပြသခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ဤလေ့လာမှုမှ ရလဒ်များသည် မတူညီသော ပြဿနာများနှင့် စိန်ခေါ်မှုများကို ရှင်းလင်းထားပြီး ထိုပြဿနာများကို ဖြေရှင်းရန်အတွက် စွမ်းရည်မြှင့်တင်ခြင်း၊ ဈေးကွက်အခြေပြုဆက်သွယ်မှုတိုးတက်မှု၊ စီးပွားရေးစနစ်များတိုးတက်မှု၊ မူဝါဒများနှင့် သတ်မှတ်ထားသောအချက်အလက်များ၊ အလုပ်အကိုင်အရေအတွက်မြင့်မားခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးများ တိုးတက်ဖို့လိုအပ်ကြောင်း အကြံပြု ပြောကြားသွားပါသည်။

https://www.ilo.org/publications/assessment-value-chains-pilot-areas-myanmar-programme-elimination-child

## ၂။ MIMU ၏ အကဲဖြတ်ချက်များနှင့် ထုတ်ဝေမှုများ ကောက်ယူခြင်း (MIMU)

MIMU မှ အကဲဖြတ်ချက်များနှင့် ထုတ်ဝေမှုများ ကောက်ယူခြင်းစနစ်အကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ စနစ်၏ ရည်ရွယ်ချက်မှာ အကဲဖြတ်ချက်များနှင့် စစ်တမ်းကိရိယာများကို မျှဝေရန်၊ သတင်းအချက်အလက်များ စုစည်းခြင်းကို ပိုမိုကောင်းမွန်စွာ ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်နိုင်ရန် ၊ ကျွမ်းကျင်မှုများကို မျှဝေနိုင်ရန်နှင့် ထပ်တူဖြစ်မှု၊ ကွာဟမှုများကို ရှောင်ရှားနိုင်စေရန် ဖြစ်သည်။

မြန်မာနိုင်ငံနှင့်ဆိုင်သော အကဲဖြတ်ချက်များနှင့် ထုတ်ဝေမှုများကို မှတ်တမ်းတင်ရန် ရည်ရွယ်ထားသည်။ အစောပိုင်းတွင် အကဲဖြတ်ချက်များကိုသာ ကောက်ယူပြီး နောက်ပိုင်းတွင် ထုတ်ဝေမှုများကိုပါ ထည့်သွင်းကောက်ယူသည်။ ဤစနစ်တွင် ပါဝင်သော အချက်အလက်များမှာ ပါဝင်လုပ်ဆောင်ကြသည့် အဖွဲ့အစည်းများ၊ အကြောင်းအရာများ၊ ကဏ္ဍများ၊ နေရာဒေသများ၊ အချိန်ကာလများ၊ နည်းလမ်းများနှင့် ပတ်သက်သည့် အချက်အလက်များဖြစ်သည်။

သတင်းအချက်အလက် ကာကွယ်မှု အစီအမံများကိုပါ မျှဝေခဲ့သည်။ အချက်အလက် ကောက်ယူရာတွင် အချို့သော အကဲဖြတ်မှုများသည် internal သာ မျှဝေသည့်အတွက် မည်သူ့ကိုမျှ မမျှဝေနိုင်သော အခြေအနေရှိနိုင်သည်။ ထိုအတွက် အကဲဖြတ်မှုများကို Restricted (ကန့်သတ်ထားသော) နှင့် Open (ကန့်သတ်မှု မရှိသော) အခြေအနေများအလိုက် ကာကွယ်မှုအဆင့် သတ်မှတ်ထားသည်။

လက်ရှိတွင် အဖွဲ့အစည်းပေါင်း ၁၉၇ ဖွဲ့မှ အကဲဖြတ်ချက်များနှင့် ထုတ်ဝေမှုများ မျိုးစုံကို မျှဝေထားပြီး၊ စုစုပေါင်း ၂၅၇၀ စာရင်းရှိသည်။

အကဲဖြတ်ချက်များကို  နိုင်ငံတဝှမ်းအဆင့် ရရှိမှုအနေဖြင့် (၄၂%) ဖြစ်ပြီး၊ ရခိုင်ပြည်နယ် (၁၃%)၊ ရှမ်းပြည် (မြောက်ပိုင်း) နှင့် ရန်ကုန်တိုင်း (၁၁%) မှာလည်း အများဆုံး ပြုလုပ်ထားပါသည်။ အကဲဖြတ်ချက် အနည်းဆုံးပြုလုပ်ထားသော နေရာများမှာ ပဲခူးတိုင်း (အနောက်ပိုင်း) နှင့် နေပြည်တော် ဖြစ်သည်။

ကျန်းမာရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ နှင့် ကျားမဆိုင်ရာ (Gender) ကဏ္ဍများတွင် အကဲဖြတ်မှုစစ်တမ်းအများစု ပြုလုပ်ထားကြသည်ကို တွေ့ရှိရပါသည်။

အသုံးပြုသူများသည် MIMU ဝဘ်ဆိုက်မှတဆင့် အကဲဖြတ်ချက်များနှင့် ထုတ်ဝေမှုများကို ကြည့်ရှုနိုင်သလို၊ ဒေတ်ရှ်ဘုတ်မှလည်း အကျဉ်းချုပ်များကို လေ့လာနိုင်သည်။ ဆက်လက်ပြီး webpage တွင်

ရှာဖွေသည့်နည်းလမ်းများကို ရှင်းပြပြီး ၂၀၂၄ ခုနှစ်တွင် ပြီးစီးခဲ့သော အကဲဖြတ်ချက်များနှင့် ထုတ်ဝေမှုများအချို့ကို ဖော်ပြခဲ့သည်။ ထို့ပြင် webpage ကြည့်ရှုနှုန်းများ၊ download အရေအတွက်များကို ပြသပြီး အကဲဖြတ်ချက်များနှင့် ထုတ်ဝေမှုများကို ပါဝင်ပေးပို့ရန် နည်းလမ်းကိုလည်း ရှင်းပြခဲ့သည်။

အဖွဲ့အစည်းများ၏ အချက်အလက်များကို ၆ လတစ်ကြိမ် ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ရန် ကောက်ယူသည်။ (ကောက်ယူချိန်တွင်သာ မဟုတ်ပဲ မည်သည့်အချိန်မဆို မျှဝေနိုင်သည်။) MIMU contact list တွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းများအားလုံးကို ဆက်သွယ်ကောက်ယူသည်။

https://themimu.info/assessments-and-publications

## ၃။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

ILO။ ။ ILO မှ ၂၀၂၄ ခုနှစ် ဩဂုတ်လကုန်တွင် "Child Labour Trends in Myanmar (2021 - 2023)" အစီရင်ခံစာတစ်ခု ထုတ်ဝေမည်ဖြစ်သည်။ အဆိုပါ အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်းက ကလေးအလုပ်သမားများ၏ ပြောင်းလဲမှုများကို အကဲဖြတ်ချက်အဖြစ် တင်ပြထားသည်။ မွန်၊ ကရင်၊ ကယားနှင့် ရှမ်းဒေသများတွင် အကဲဖြတ်မှုများ ပြုလုပ်ထားသည်။ အခွင့်အရေးရှိပါက နောက်လာမည့် IM Network Meeting တွင် အဆိုပါ အစီရင်ခံစာနှင့် ပတ်သက်၍ မျှဝေမည်ဖြစ်သည်။

JOICFP။ ။ ယခင်နှစ်တွင် Evaluation လုပ်ပြီးသွားပြီး စိတ်ဝင်စားစရာကောင်းသော အကဲဖြတ်ချက်များ ရရှိခဲ့သည်။ ၄င်းသည် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး အကြောင်းအရာမှာ ကိုယ်ဝန်ဆောင်မိခင်များကို ထောက်ပံ့ခြင်းနှင့် ပတ်သတ်သည်၊ ခွင့်ပြုချက်ရပါက IMN တွင် မျှဝေပါမည်။

WVM။ ။ WVM တွင် နောက် ၅ နှစ်စာခန့် ရည်ရွယ်၍ strategy အသစ်ပြန်ဆွဲနေပါသည်။

MIMU။ ။ 5W update မကြာမီ လုပ်မည်ဖြစ်ပြီး 5W support session များကိုလည်း စက်တင်ဘာလတွင် ၅ ကြိမ်တိုင်တိုင် ပြုလုပ်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် 5W အချက်အလက်များအား Cluster များနှင့် MIMU အား မျှဝေပေးရာတွင် တူညီသောအချက်အလက်များအား ထပ်ခါပေးခြင်းမှ ရှောင်ရှားနိုင်ရန် Cluster 5W နဲ့ MIMU 5W နဲ့ ညှိဖို့ အစည်းအဝေးများ လုပ်နေသည်။ ဩဂုတ်လတွင် Basic QGIS သင်တန်းရှိပြီး စက်တင်ဘာလတွင် Basic Mapping သင်တန်းရှိပါမည်။ ထို့နောက် 5W period ဖြစ်လို့ အခြား သင်တန်းများကို နိုဝင်ဘာလတွင် ပြုလုပ်သွားမည်ဟု ရာထားကြောင်း ပြောကြားခဲ့ပါသည်။

## ၄။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း စက်တင်ဘာလ နောက်ဆုံးအပတ် ၂၅ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။